**သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန**

**သမဝါယမဌာနခွဲ (၁)**

# ( မြန်မာနိုင်ငံ သမဝါယမဝန်ထမ်း (အကြီးတန်း) အဖွဲ့ နည်းဥပဒေများ)

**အမှတ် ၁၈**

**ရန်ကုန်မြို့၊ ၁၃၂၀ ခု၊ တပေါင်းလဆန်း ၁၃ ရက်။**

**(၁၉၅၉ ခု၊ မတ်လ ၂၁ ရက်။)**

အမှတ် ၁၈။ ။ မြန်မာနိုင်ငံ သမဝါယမဝန်ထမ်း (အကြီးတန်း) အဖွဲ့တွင်အရာရှိများခန့်ထားရေးကို စည်းမျဉ်းသတ်မှတ်ရန်နှင့် အမှုထမ်းစည်းကမ်းများကို သတ်မှတ်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ ရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်၍ အောက်ပါနည်းဥပဒေများကိုပြုလိုက်သည်။

## အပိုင်း ၁

## အရပ်ရပ်

အမည်။

၁။ ။ဤနည်းဥပဒေများကို၊ **မြန်မာနိုင်ငံ သမဝါယမဝန်ထမ်း (အကြီးတန်း) အဖွဲ့ နည်းဥပဒေများ** ဟု ခေါ်တွင်ရမည်။

ထိုနည်းဥပဒေများသည်၊ ၁၉၅၉ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည်။

အဓိပ္ပါယ်ပိုင်းခြားဖော်ပြချက်။

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(က) "ဝန်ထမ်းအဖွဲ့" ဆိုသည်မှာ၊ မြန်မာနိုင်ငံ သမဝါယမ ဝန်ထမ်း (အကြီးတန်း) အဖွဲ့ကိုဆိုလို သည်။

(ခ) " ဝန်ထမ်းအဖွဲ့ဝင်အရာရှိ" ဆိုသည်မှာ၊ ဝန်ထမ်းအဖွဲ့ အမြဲတန်းရာထူးတွင် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရခန့်ထားခြင်းခံရသည့် အစိုးရအမှုထမ်းကိုဆိုလိုသည်။

(ဂ) " တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိ" ဆိုသည်မှာ၊ နည်းဥပဒေ ၄ (၁) နှင့်အညီ ဝန်ထမ်းအဖွဲ့ တွင် ခန့်ထားခြင်းခံရသည့် အရာရှိကိုဆိုလိုသည်။

## အပိုင်း ၂

## ဝန်ထမ်းအဖွဲ့

ဝန်ထမ်းအဖွဲ့ဝင်အရာရှိဦးရေ။

၃။ ။ ဝန်ထမ်းအဖွဲ့တွင် ခွင့်ပြုရာပါ အရာရှိဦးရေမှာ၊ နိုင်ငံတော် သမတ က၊ အခါအားလျော်စွာ သတ်မှတ် သည့်အတိုင်းဖြစ်ရမည်။

## အပိုင်း ၃

## အရာရှိများခန့်ထားခြင်း

Myanmar Law Information System (MLIS)

မည်သူတို့ကိုအရာရှိခန့်ထားရခြင်း။

၄။ ။ နိုင်ငံတော် သမတ သည်၊ ရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်၍၊ သမဝါယမ ဝန်ထောက်များကို-

(၁) အပြိုင်စာမေးပွဲအောင်စာရင်းအရခန့်ထားရမည်။ ထို့ပြင်

(၂) သာမန်ဌာနဆိုင်ရာ အထက်တန်းအခွန်တော် ဥပဒေ စာမေးပွဲအောင်မြင်ပြီးဖြစ်သော မြို့နယ် သမဝါယမအရာရှိများကို ရာထူးတိုးမြှင့်ပေးခြင်းအားဖြင့်ခန့်ထားရမည်။

၅။ ။ သမဝါယမအသင်းဝန်ထောက် ရာထူးအဆင့်အတန်းတွင် လစ်လပ်သောနေရာများအနက် ထက် ဝက်ကို၊ ဤနည်းဥပဒေများအနက်၊ နည်းဥပဒေ ၄ (၂) တွင်ပြဌာန်းထားသည့်အတိုင်း၊ မြို့နယ်သမဝါယ မအရာရှိများအား၊ ရာထူးတို့မြှင့်ပေး၍ သာမန်အားဖြင့် ဖြည့်သွင်းခန့်ထားရမည်။ ကျန်ထက်ဝက်ကို၊ တိုင်ရိုက်ဖြည့်သွင်းခန့်ထားရမည်။ ဝန်ထမ်းအဖွဲ့တွင် ခန့်ထားရန်ကျင်းပသည့် အပြိုင်စာမေးပွဲကို ဖြေဆို သူများ လုံလောက်စွာမအောင်မြင်လျှင်၊ နိုင်ငံတော်သမတသည်၊ အပြိုင်စာမေးပွဲကျင်းပ၍ သာမန်အား ဖြင့်ဖြည့်သွင်းရမည့် လစ်လပ်သောကျန်ရာထူးများကို၊ ရာထူးတိုးမြှင့်ပေးခြင်းအားဖြင့် ဖြည့်သွင်း ခန့်ထားစေနိုင်သည်။

တိုက်ရိုက်ခန့်ထားခြင်းခံလိုသူတို့၏အရည်အချင်း။

၆။ ။ တိုက်ရိုက်ခန့်ထားခြင်းခံလိုသူတိုင်းသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်၍၊ မြန်မာစာ ကောင်းစွာတတ်ကျွမ်းသူဖြစ်ရမည်။

(ခ) စာမေးပွဲ ကျင်းပသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင်၊ အသက် ၂၁ နှစ်အောက်မလျော့၊ အသက် ၂၇ နှစ်ထက်မပိုစေရ။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းအဖွဲ့တွင်အမှုထမ်းရွက်ရန် ကျန်းမာစွာရှိကြောင်းဖြင့် ဆိုင်ရာပြန်တမ်းဝင် ဆရာဝန်က သတ်မှတ်ထားသည့် ပုံစံဖြင့်ထုတ်ပေးသောသက်သေခံလက်မှတ်ရသူဖြစ်ရမည်။ ထို့ပြင်

(င) အသိအမှတ်ပြုထားသော တက္ကသိုလ်မှဘွဲ့ရသူဖြစ်ရမည်။

## အပိုင်း ၄

## အမှုထမ်းစည်းကမ်း

အစမ်းခန့်ထားခြင်း။

၇။ ။ (၁) တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိတိုင်းသည်၊ အမြဲတန်းမဖြစ်သေးမီ၊ အစမ်းခန့်ထားခြင်း ခံရမည်။

(၂) တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိတိုင်းသည်-

(၁) အစမ်းခန့် နှစ်နှစ်ပြည့်အောင် အမှုမထမ်းရွက်ရသေးလျှင်၊

(၂) သာမန်ဌာနဆိုင်ရာ အထက်တန်းအခွန်တော် ဥပဒေစာမေးပွဲကိုဇင်း၊ တရားမဥပဒေစာမေးပွဲကိုဇင်း၊ အထူးသမဝါယမဌာန ဆိုင်ရာသမဝါယမဥပဒေ၊ သမဝါယမသဘောများနှင့် ငွေစာရင်းကိုင် အတတ်ပညာအစမ်းစာမေးပွဲကိုဇင်း၊ အခါအားလျော်စွာသတ်မှတ်ထားသည့် အခြားစာမေးပွဲများကိုဇင်း မအောင်မြင်သေးလျှင်၊

Myanmar Law Information System (MLIS)

(၃)မိမိအထက်အရာရှိများကအမြဲတန်းခန့်ထားရန်သင့်တော်ကြောင်းဖြင့်အစီရင်ခံစာတင်သွင်းခြင်းမခံရ သေးလျှင်ထိုအရာရှိကို ရာထူးတွင်အမြဲတန်းမခန့်ထားရ။

၈။ ။ တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိသည်၊ မိမိအားခန့်ထားသည့်နေ့ရက်မှ သုံးနှစ်အတွင်း အမြဲ တန်းခန့်ထားခြင်းမခံရလျှင်၊ ထိုအရာရှိကို ရာထူးမှဆောလျင်စွာထုတ်ပယ်နိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိမှာ၊ ရာထူးတခုခုကို လက်ရှိထားပိုင်ခွင့်ရှိလျှင်၊ ထိုအရာရှိကို၊ ထိုရာထူးသို့ပြန် လည်လျှော့ချ နိုင်သည်။

၉။ ။ **အဆင့်အတန်းခွဲခြားခြင်း။** ။ နည်းဥပဒေ ၄ (၂) အရ၊ ဝန်ထမ်းအဖွဲ့သို့ခန့်ထားသောအရာရှိ၏အ ဆင့်အတန်းကို၊ ၎င်းအားခန့်ထားသည့်နေ့ရက်တွင် အမှုထမ်းသက်တနှစ်မပြည့်သေးသော တိုက်ရိုက် ခန့်ထားခြင်းခံရသည့် အရာရှိအားလုံးအထက်တွင်ခွဲခြားထားရှိရမည်။

## အပိုင်း ၅

## လစာနှင့်စရိတ်များ

၁၀။ ။ (၁) အရာရှိများ အမြဲတန်းခန့်ထားခြင်း ခံရသည့်အခါ ထုတ်ယူရန်၊ဝန်ထမ်းအဖွဲ့အတွက် ၁၉၅၉ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ ခွင့်ပြုထားသောလစာနှုန်းများမှာ၊ အောက်ပါအတိုင်းဖြစ်သည်။

(၁) သမဝါယမအသင်း ဝန်ထောက်များအတွက် ကျပ် ၃၅၀-၂၅-၇၀၀။

(၂) **တိုက်ရိုက် ခန့်ထားခြင်းခံရသည့်အရာရှိများ၏လစာ။** ။ တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိများ ၏လစာကို၊ အောက်ပါအတိုင်း စည်းမျဉ်းသတ်မှတ်ရမည်။

(က) တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိသည်၊ မိမိအားမခန့်ထားမီအစိုးရအမှုထမ်းရွက်သူမဟုတ် လျှင်၊ သို့တည်းမဟုတ် အစိုးရအမှုထမ်းရွက်သူဖြစ်မူ၊ တလလျှင်လစာရင်း ၃၅၀ ကျပ် အောက်ရရှိ သူဖြစ်လျှင်၊ အစမ်းခန့်ထားခြင်းခံရသည့်အခါ၊ ကနဦးလစာ ၃၅၀ ကျပ် ကိုထုတ်ယူရမည်။

(ခ) တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိသည်၊ မိမိအားမခန့်ထားမီ၊ အစိုးရအမှုထမ်းရွက်သူဖြစ်၍၊ မိမိ ၏လစာရင်းမှာ ၃၅၀ ကျပ်ဖြစ်လျှင်၊ သို့တည်းမဟုတ် ၃၅၀ ကျပ်ထက်ပိုလျှင်၊ ဤနည်းဥပဒေအပိုဒ် (၁) တွင် ဖေါ်ပြသည့်လစာနှုန်းတွင် ဝန်ထမ်းအဖွဲ့သို့ မိမိအားခန့်ထားစဉ်ကထုတ်ယူလျက်ရှိသော လစာရင်းထက်တဆင့်တိုး၍ သတ်မှတ်ထားသော ကနဦးလစာကို ထုတ်ယူရမည်။

၁၁။ ။ နောက်ထပ် ပြင်ဆင်ထားသည့် ၁၉၃၈ ခု၊ မတ်လ ၂ ရက်နေ့စွဲပါ လယ်ယာစိုက်ပျိုးရေးနှင့်သစ် တောရေးဌာန (သမဝါယမဌာနခွဲ) အမိန့်ကြော်ငြာစာ အမှတ် ၅၄ ကို၊ ဤအမိန့်ကြော်ငြာစာဖြင့်နုတ်သိမ်း ပယ်ဖျက်သည်။

အမိန့်အရ၊

စောလွင်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)